Assistance Association for Political Prisoners (Burma)
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)
AAPP
P.O Box 93, Mae Sot, Tak Province 63110, Thailand
E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org




## လက်ရှိအခြေအနေ အကျဉ်းချုပ်

၂၀၁၆ ခုနှစ်၊ မေလကုန်တွင် မြန်မာနိုင်ငံ အကျဉ်းထောင်များအတွင်း နိုင်ငံရေးအကျဉ်းသား စုစုပေါင်း ၆၇ ဦး အကျဉ်းကျခံနေရသည်။ တက်ကြွလှုပ်ရှားသူ ၁၈၉ ဦးသည် နိုင်ငံရေး လှုပ်ရှားမှုများကြောင့် လက်ရှိအချိန်တွင် တရားရင်ဆိုင်နေရပြီး ထိုထဲမှ ၄၇ ဦးသည် ထောင်တွင်းမှနေ၍ တရားရင်ဆိုင်နေရသည်။

# မေလ ၂၀၁၆ခုနှစ်၊ နိုင်ငံရေး အကျဉ်းသားများ အခြေအနေပြ လစဉ်အစီရင်ခံစာ

## မာတိကာ

- တစ်လအတွင်း သုံးသပ်ချက်
- မတရား ထိန်းသိမ်းခံရခြင်းများ
- ထောင်ဒဏ်ချမှတ်ခံရခြင်းများ
- ထောင်မှ လွတ်မြောက်မှုများ
- ထောင်တွင်း အခြေအနေများ
- နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ၊
- မြေယာသိမ်းဆည်းမှုများ
- လူ့အခွင့်အရေးနှင့်ဆိုင်သော ဆက်စပ်သတင်းများ
- နိဂုံးချုပ်နှင့် သုံးသပ်ချက်
- အရေးပါသည့် ဆက်စပ်သတင်းများဖတ်ရန် Links

# တစ်လအတွင်း သုံးသပ်ချက်

၂၀၁၆ ခုနှစ်၊ မေလတွင် အလုပ်သမားအခွင့်အရေးလှုပ်ရှားသူ ၇၁ ဦး အပါအဝင် နိုင်ငံရေး တက်ကြွလှုပ်ရှားသူစုစုပေါင်း ၉၀ ဦး ဖမ်းဆီးခံခဲ့ရသည်။ တက်ကြွလှုပ်ရှားသူ ၉ ဦး ပြစ်ဒဏ်ချမှတ် ခံခဲ့ရပြီး နိုင်ငံရေးအကျဉ်းသား ၇၇ ဦး ပြန်လည် လွတ်မြောက် လာခဲ့သည်။ ထို ၇၇ ဦးထဲ မှ ၅၆ ဦးသည် အလုပ်သမားအခွင့်အရေး လှုပ်ရှားသူများဖြစ်သည်။ ယခုလတွင် နိုင်ငံရေးအကျဉ်းသား သုံးဦးမှာ ကျန်းမာရေး ဆိုးရွားလျက်ရှိကြောင်း သိရှိရပြီး တက်ကြွလှုပ်ရှားသူ စုစုပေါင်း ၅၁ ဦးသည် တရားစွဲဆိုခံခဲ့ရသည်။ တရားရင်ဆိုင်နေရသူများထဲမှ လယ်သမား ၃၇ ဦး၏ အသေးစိပ် အချက်အလက်များ အား AAPP မှဆက်လက် စုံစမ်းနေဆဲဖြစ်သည်။

ယခုလတွင် အာဏာပိုင်များသည် တက်ကြွလှုပ်ရှားသူများကို ဥပဒေကြောင်းအရ အရေးယူခြင်းဖြင့် ဆက်လက် ခြိမ်းခြောက်လျက်ရှိပြီး ငြိမ်းချမ်းစွာ စုဝေးခွင့်ကို ကျင့်သုံးခြင်းမှ ဟန့်တားရန် ဖိနှိပ်ထားသော ဥပဒေများဖြင့် တက်ကြွလှုပ်ရှားသူများကို ဆက်လက် ထိန်းသိမ်းထားလျက်ရှိသည်။ နေပြည်တော်သို့ ချီတက်မည့် အလုပ်သမားသပိတ်အား အဆုံးသတ်ရန် အာဏာပိုင်များ၏ ညွှန်ကြားချက်အား ငြင်းဆန်ပြီးနောက် မေလ ၁၈ ရက်နေ့တွင် အလုပ်သမား အခွင့်အရေးများ ရရှိရန် တောင်းဆိုနေသော စစ်ကိုင်းတိုင်း ဒေသကြီးမှ အလုပ်သမား ၇၁ ဦး ဖမ်းဆီးခံခဲ့ရပြီး ၅၁ ဦး ထိန်းသိမ်းခံခဲ့ရသည်။ အလုပ်သမား ၃၆ ဦးပြန်လည် လွတ်မြောက်လာခဲ့သော်လည်း ၁၅ ဦးသည် ဆက်လက် ထိန်းသိမ်းခံထားရဆဲဖြစ်ပြီး ရာဇသတ်ကြီးပုဒ်မ ၁၄၃၊ ၁၄၅၊ ၁၄၇၊ ၅၀၅/ခ တို့ဖြင့် တရားစွဲဆိုခံခဲ့ရသည်။

ယခုလက်ရှိတွင် လွှတ်တော်မှ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်နှင့် စုဝေးခွင့်ဥပဒေအား ပြန်လည် သုံးသပ်လျက်ရှိသော်လည်း၊ ယခုလတွင် တက်ကြွ လှုပ်ရှားသူများကို ဟန့်တားရန် ထိုဥပဒေကို ဆက်လက် အသုံးပြုခဲ့သည်။ မေလ ၁၄ ရက်နေ့တွင် ရန်ကုန်မြို့၌ ဘာသာပေါင်းစုံ ချစ်ကြည်ရေး လမ်းလျှောက်ချီတက်ရာတွင် ပါဝင်ခဲ့သော ကျောင်းသားများသည် ငြိမ်း၊စု၊စီပုဒ်မ ၁၉ ဖြင့် အမှုဖွင့်အရေးယူခြင်း ခံခဲ့ရသည်။ ၎င်းတို့သည် တာမွေမြို့နယ်မှ မဟာဗန္ဓုလပန်းခြံအထိ ချီတက်ရန် ခွင့်ပြုချက် လျှောက်ထားခဲ့သော်လည်း ဗိုလ်စိန်မှန်ကွင်းတွင်သာ စုဝေးရန် ခွင့်ပြုခြင်းခံခဲ့ရသည်။ ထို့ကြောင့် ၎င်းတို့သည် ခွင့်ပြုထားသည့်နေရာ၌ လမ်းလျှောက်ချီတက်ရန် ငြင်းဆန်ခဲ့ပြီး ဘာသာရေးအဆောက်အအုံများကို ဖြတ်သန်းကာ ချီတက်မည့် လမ်းကြောင်းကို ရွေးချယ်ခဲ့ကြသည်။

ထို့ပြင် တစ်ကိုယ်တော် ဆန္ဒပြသူ ကိုနေလင်းစိုး ခေါ် ကိုဖိုးစနေ၊ ၎င်းကို ဝန်းရံသူ ကိုကျော်ဇင် ၊ မေလ ၄ ရက်နေ့မှ စတင်ကာ လက်ပံတောင်းတောင် ကြေးနီစီမံကိန်းကို ဆန္ဒပြခဲ့သော ဆန္ဒပြခေါင်းဆောင် နှစ်ဦးဖြစ်သည့် မစန္ဒာနှင့် မမာချို့တို့အပါအဝင် များပြားလှသော လက်ပံတောင်းတောင် ကြေးနီစီမံ ကိန်းကို ဆန့်ကျင်ဆန္ဒပြသူများသည် ငြိမ်း၊စု၊စီပုဒ်မ ၁၈ ဖြင့် တရားစွဲဆိုခံရမည်ဖြစ်သည်။

အစိုးရသစ်လက်ထက်တွင်လည်း ဆက်သွယ်ရေးဥပဒေကို ဆက်လက် အသုံးပြုလျက်ရှိသည်။ သမ္မတဟောင်း ဦးသိန်းစိန်အား အသရေဖျက်သော ကဗျာရေးသား ခဲ့ခြင်းအတွက် ကဗျာဆရာ မောင်ဆောင်းခသည် မေလ ၂၄ ရက်နေ့၊ ရုံးချိန်းတွင် ဆက်သွယ်ရေးဥပဒေ ၆၆/ဃ ဖြင့် ထောင်ဒဏ် ခြောက်လ ချမှတ်ခံခဲသည်။ သူသည် ထောင်တွင်းမှနေ၍ ခြောက်လကျော်ကြာ တရားရင်ဆိုင်ခဲ့သောကြောင့် ထိုနေ့တွင်ပင် ပြန်လည် လွတ်မြောက်လာခဲ့သည်။ လူမှုရေးနှင့် နိုင်ငံရေးတက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်သူ ကိုရာပြည့် ခေါ် ကိုမျိုးသူဝင်းသည် ဦးနေမျိုးဝေ၏ လူမှုကွန်ရက်စာမျက်နှာအား အတုပြုလုပ်၍ ကာကွယ်ရေးဦးစီးချုပ်ကို အသရေဖျက်သည်ဟု စွပ်စွဲခံခဲ့ရပြီး မေလ ၂၂ ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရကာ ပုဒ်မ ၆၆/ဃ ဖြင့်ပင် တရားစွဲဆိုခံရမည်ဖြစ်သည်။

ယခုလတွင် စစ်တပ်မှ အမျိုးမျိုးသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ညှဉ်းပန်းနှိပ်စက်မှုများကို ကျူးလွန်ခဲ့သည်။ ကျောက်မဲမြို့နယ်တွင်း ရှမ်းပြည်နယ် တိုးတက်ရေးပါတီ/ရှမ်းပြည် တပ်မတော် (မြောက်ပိုင်း) ကို ထိုးစစ်ဆင် တိုက်ခိုက်နေစဉ်အတောအတွင်း စစ်တပ်မှ ပြင်းထန်ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကျူးလွန်လျက်ရှိသည်ဟု စွပ်စွဲခံထားရသည်။ ထိုတိုက်ပွဲများတွင်း အမျိုးသမီးများအပါအဝင် ရွာသား ၄၃ ဦးသည် လူသားဒိုင်း များအဖြစ် အသုံးပြုခြင်းခံခဲ့ရပြီး အနည်းဆုံး ရွာသား ငါးဦးသည် ပြင်းထန်စွာ ညှဉ်းပန်းနှိပ်စက်ခြင်းကို ခံခဲ့ရသည်။ ထို့ပြင် အနည်းဆုံး အရပ်သား သုံးဦး သည် ဥပဒေမဲ့စွာ သတ်ဖြတ်ခြင်း ခံခဲ့ရပြီး တစ်ခြား ရုပ်အလောင်း ငါးခုကိုလည်း မည်သူမည်ဝါများဖြစ် ကြောင်း အတည်မပြုနိုင်သေးပါ။ မေလ ၂၃ ရက်နေ့တွင် ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်မှ ရွာသားနှစ်ဦးဖြစ်သော ကိုဇော်အောင်နှင့် ကိုနော်စန် တို့ကို ကချင်လွတ်မြောက်ရေး တပ်မတော်၏ အဖွဲ့ဝင်များဖြစ်သည်ဟူသော သံသယဖြင့် စစ်တပ်မှ ဖမ်းဆီး ထိန်းသိမ်းခဲ့ကာ ညှဉ်းပန်း နှိပ်စက်ခဲ့သည်။

# မတရားထိန်းသိမ်းခံရခြင်းများ

**KIA စစ်သားများဖြစ်သည်ဟု သံသယရှိခြင်းအတွက် အရပ်သားနှစ်ဦး ဖမ်းဆီး နှိပ်စက်ခံရ**

ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) စစ်သားများဖြစ်သည်ဟု သံသယရှိခြင်းအတွက် မေလ ၂၃ ရက်နေ့တွင် ငှက်ပျောခြံ အလုပ်သမားနှစ်ဦးဖြစ်သူ ကိုဇော်အောင်နှင့် ကိုနော်ဆိုင်းတို့ကို စစ်သားများမှ ဖမ်းဆီးခဲ့သည်။ ၎င်းတို့နှစ်ဦးသည် သုံးနာရီကြာ ထိန်းသိမ်းခံခဲ့ရပြီး စစ်သားများ၏ နှိပ်စက်ညှဉ်း ပန်းခြင်းကို ခံခဲ့ရသည်။ ကိုဇော်အောင်မှ သူသည် စွပ်စွဲချက်များအား ငြင်းဆိုခဲ့သောကြောင့် စစ်သားများမှ သူ၏ ဦးခေါင်းအား ပလတ်စတစ်ဖြင့် စွပ်ကာ ဖိနပ်ဖြင့် တက်နင်းခြင်း၊ ဝါးခြမ်းဖြင့် ရိုက်နှက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း ဧရာဝတီသတင်းဌာနအား ပြောကြားခဲ့သည်။

သူတို့ဖမ်းဆီးခံရပြီး သုံးနာရီခန့်ကြာပြီးနောက် ကျေးရွာသူကြီး ရောက်ရှိလာပြီး သူတို့နှစ်ဦးသည် KIA စစ်သားများ မဟုတ်ကြောင်း အာမခံခဲ့သဖြင့် သူတို့ ပြန်လည် လွတ်မြောက်လာခဲ့သည်။
[၂၀၁၆ ခုနှစ်၊ မေလ ၂၅ ရက်၊ ဧရာဝတီ]

**စစ်တပ်မှ ရွာသားသုံးဦးကို ဖမ်းဆီး**

တပ်မတော်နှင့် ရှမ်းပြည်နယ် တိုးတက်ရေးပါတီ/ရှမ်းပြည်နယ် တပ်မတော် တို့ကြား တိုက်ပွဲများဖြစ်ပွားပြီးနောက် မေလ ၁၈ ရက်နေ့တွင် သီပေါမြို့နယ် ၌ ကိုစိုင်းအောအောင်း၊ ကိုစိုင်းဆူးနှင့် ကိုစိုင်းလတို့သည် ဖမ်းဆီးခံခဲ့ရသည်။ ထိုရွာသား သုံးဦးနှင့် အမျိုးသမီး သုံးဦးတို့သည် အလုပ်အတူလုပ်ရာမှ အပြန် လမ်းတွင် စစ်သားများနှင့် တွေ့ခဲ့ပြီး စစ်သားများမှ အမျိုးသမီးသုံးဦးအား ယာထဲသို့ ပြန်ခိုင်းခဲ့ကာ အမျိုးသား သုံးဦးအား ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။

[၂၀၁၆ ခုနှစ်၊ မေလ ၁၈ ရက်၊ ဗားမားနက်]
[၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်၊ ဗားမားနယူးအင်တာနေရှင်နယ်]

**ရက္ခိုင့်တပ်မတော် (AA) အဖွဲ့ဝင်များကို နယ်ခြားစောင့်ရဲများ (BGP) မှ ဖမ်းဆီး**

မေလ ၁၆ ရက်နေ့တွင် ရက္ခိုင့်တပ်မတော်(AA) တပ်ဖွဲ့ဝင်သုံးဦးသည် မောင်တောမြို့နယ်၊ ဝီစလီနတ်တလာရွာသို့ဝင်ရောက်ခဲ့ပြီးနောက် ၎င်းတို့ကို နယ်ခြားစောင့်ရဲများ (BGP) မှ ဖမ်းဆီးခဲ့သည်။ AA တပ်ဖွဲ့ဝင်တစ်ဦးမှာမူ တောထဲသို့ ထွက်ပြေး၍ လွတ်မြောက်ခဲ့သည်။ ဖမ်းဆီးခံခဲ့ရသော တပ်ဖွဲ့ဝင် သုံးဦးကို စစ်ဆေးမေးမြန်းရန်အတွက် BGP စခန်းရှိရာသို့ ခေါ်ဆောင်သွား ခဲ့သည်။

[၂၀၁၆ ခုနှစ်၊ မေလ ၂၃ ရက်၊ ဗားမားနယူးအင်တာနေရှင်နယ်]

# ထောင်ဒဏ်ချမှတ်ခံရခြင်းများ

**ကဗျာဆရာ မောင်ဆောင်းခ ဆက်သွယ်ရေးဥပဒေဖြင့် ထောင်ဒဏ် ခြောက်လ ချမှတ်ခံရ**

နိုင်ငံတော် သမ္မတဟောင်းအား ရည်ညွှန်းသည့် အသရေဖျက်သော ကဗျာရေးသားခဲ့ခြင်းအတွက် မေလ ၂၄ ရက်နေ့တွင် မောင်ဆောင်းခ အား ဆက်သွယ်ရေးဥပဒေ ၆၆/ဃ ဖြင့် ထောင်ဒဏ် ခြောက်လ ချမှတ်ခဲ့သည်။ သူသည် ထောင်တွင်းမှနေ၍ ခြောက်လနှင့် ၁၉ ရက် တရားရင်ဆိုင်ခဲ့ရသောကြောင့် ထိုနေ့တွင်ပင် ပြန်လည် လွတ်မြောက်လာခဲ့သည်။ မောင်ဆောင်းခမှ ထိုဆုံးဖြတ်ချက်သည် တရားမျှတမှု မရှိကြောင်း ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ၏ တရားရေးစနစ်ကို စိတ်ပျက်ကြောင်းကိုလည်း ထုတ်ဖော်ပြောဆိုခဲ့သည်။

၂၀၁၆ ခုနှစ်၊ မေလ ၂၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ မေလ ၂၄ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၆ ခုနှစ်၊ မေလ ၂၄ ရက်၊ ဒီဗွီဘီ
၂၀၁၆ ခုနှစ်၊ မေလ ၂၄ ရက်၊ ဧရာဝတီ
၂၀၁၆ ခုနှစ်၊ မေလ ၂၅ ရက်၊ မြန်မာတိုင်း
၂၀၁၆ ခုနှစ်၊ မေလ ၂၅ ရက်၊ မဇ္ဈိမ

# ထောင်မှလွတ်မြောက်မှုများ

## အလုပ်သမားအခွင့်အရေးလှုပ်ရှားသူ ၅၁ ဦးအနက် ၃၆ ဦး လွတ်မြောက်

နေပြည်တော်သို့ ချီတက်မည့် အလုပ်သမားသပိတ်တွင် ပါဝင်ခဲ့ခြင်းအတွက် ရမည်းသင်းထောင်တွင် ထိန်းသိမ်းခံထားရသော အမျိုးသား ၂၂ ဦးနှင့်အမျိုးသမီး ၁၄ ဦးတို့သည် မေလ ၃၁ ရက်နေ့တွင် ပြန်လည်လွတ်မြောက်လာခဲ့သည်။ တက်ကြွလှုပ်ရှားသူ ၁၅ ဦးကိုမူ ထပ်မံ၍ ရုံးထုတ်စစ်ဆေးရန် အတွက် ထိန်းသိမ်းထားဆဲဖြစ်သည်။
(ထိုဆန္ဒပြမှုနှင့် ပတ်သက်သည့် အကြောင်းအရာများအား ပိုမိုဖတ်ရှုချင်ပါကနိုင်ငံရေးနှင့်နိုင်ငံသားတို့၏လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့်ဆန္ဒထုတ်ဖော်မှုများခေါင်းစဉ်ကြီးအောက်တွင် စစ်ကိုင်း အလုပ်သမားများ ဖမ်းဆီးခံရ ခေါင်းစဉ်ဖြင့် ရေးသားထားသော အကြောင်းအရာများ ကို ဖတ်ရှုနိုင်သည်)

[၂၀၁၆ ခုနှစ်၊ ဇွန်လ ၁ ရက်၊ မဇ္ဈိမ]
[၂၀၁၆ ခုနှစ်၊ ဇွန်လ ၁ ရက်၊ ဒီဗွီဘီ/မြန်မာ]
[၂၀၁၆ ခုနှစ်၊ ဇွန်လ ၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၆ ခုနှစ်၊ ဇွန်လ ၁ ရက်၊ ဗွီအိုအေ/မြန်မာ]
[၂၀၁၆ ခုနှစ်၊ ဇွန်လ ၁ ရက်၊ မဇ္ဈိမ/မြန်မာ]

## လယ်သမား၊ အလုပ်သမားရေးရာကွန်ရက်မှ ဦးဆောင်သူတစ်ဦး လွတ်မြောက်

လယ်သမား၊အလုပ်သမား အကျိုးစီးပွား ကူညီဆောင်ရွက်သူများကွန်ရက် (FNIFL)မှ ဦးဆောင်သူတစ်ဦးဖြစ်သူ ကိုမျိုးဝင်းသည် အိုးဘိုထောင်၌ ခုနှစ် လကြာ ထိန်းသိမ်းခံရပြီးနောက် မေလ ၂၆ ရက်နေ့တွင် ပြန်လည် လွတ်မြောက်လာခဲ့သည်။ မေလ ၂၆ ရက်နေ့ ရုံးချိန်းတွင် ပုသိမ်ကြီးမြို့နယ် တရားရုံး မှ သူ့အား ရာဇသတ်ကြီးပုဒ်မ ၆(၁)၊ ၁၄၊ ၄၄၇၊ ၄၂၇ တို့ဖြင့် စွဲဆိုထားသော စွဲချက်များကို ရုပ်သိမ်းပေးခဲ့သည်။ ရေတံခွန်တောင်ဂေါက်ကွင်းစီမံကိန်း အား ဆန့်ကျင်၍ ထွန်တုံးတိုက်ပွဲဆင်နွှဲနေသော လယ်သမားများကို ကူညီခဲ့ခြင်းအတွက် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်နေ့တွင် သူသည် ဖမ်းဆီးခံခဲ့ရသည်။ထို့ပြင် တရားရုံးမှ သူနှင့်အတူ တရားစွဲဆိုခံထားရသည့် ဝရမ်းပြေး အဖြစ်ကြေငြာခြင်းခံထားရသော လယ်သမားနှစ်ဦးဖြစ်သည့် ဦးဖေဦးနှင့် ဦးမြင့်အောင် တို့၏ အမှုများအားလည်း ရုပ်သိမ်းခဲ့သည်။

[၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၅ ခုနှစ်၊ အောက်တိုဘာ ၃၀ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၆ ခုနှစ်၊ မေလ ၂၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၆ ခုနှစ်၊ မေလ ၂၆ ရက်၊ မဇ္ဈိမ/မြန်မာ]

## လွတ်ရက်စေ့သဖြင့် ကဗျာဆရာ မောင်ဆောင်းခ လွတ်မြောက်

'ကဗျာဆရာမောင်ဆောင်းခဆက်သွယ်ရေးဥပဒေဖြင့် ထောင်ဒဏ်ခြောက်လ ချမှတ်ခံရ' ခေါင်းစဉ်ဖြင့် ရေးသားထားသော အကြောင်းအရာများအား ထောင်ဒဏ်ချ မှတ်ခံရခြင်းများ ခေါင်းစဉ်တွင် ဖတ်ရှုနိုင်သည်။

## သစ်တောဥပဒေဖြင့် ရေပူဆရာတော်နှင့် အမျိုးသား လေးဦး ပြစ်ဒဏ်ချမှတ်ခံရ၊ ကျန်ရှိသော စွဲချက်များကို ရုပ်သိမ်းပြီးနောက် လွတ်မြောက်

ရေပူဆရာတော် ဦးဣန္ဒကသည် စေတီသစ်တည်ရန် ကြိုးစားခဲ့ခြင်းအတွက် ထောင်တွင်းတွင် ၁၁ လကြာ ထိန်းသိမ်းခံခဲ့ ရပြီးနောက် မေလ ၁၉ ရက်နေ့ သူ၏ ၅၇ ကြိမ်မြောက်ရုံးချိန်းတွင် ပြန်လည် လွတ်မြောက်လာခဲ့သည်။ ဧပြီလတွင် သမ္မတ၏ လွတ်ငြိမ်းသက်သာခွင့် တစ်စိတ်တစ်ပိုင်းအနေဖြင့် ဘာသာရေးနှင့်ဆိုင်သော အသရေဖျက်သည့် စွဲချက်များအား ရုပ်သိမ်းပေးခဲ့သော်လည်း ဆရာတော်သည် ကိုနေမျိုးအောင်၊ ဦးမြင့်အောင်၊ ကိုအောင်ဇော်ထွန်း၊ ကိုဇော်မင်းလတ်တို့နှင့်အတူ သစ်တောဥပဒေ ၄၂(ခ)၊ ကျောက်မျက်ဥပဒေ ၄၁ (က) (ခ) တို့ဖြင့် တရားစွဲဆိုခံခဲ့ရသည်။

ကျောင်းဆောက်လုပ်ရန် ကျောင်းဝင်းအတွင်း သစ်များဂယ်ယူစုဆောင်းထားရှိခြင်းအတွက် မေလ ၁၈ ရက်နေ့တွင် တရားမဝင် သစ်များလက်ဝယ်ထား မှု၊ သစ်တောဥပဒေ ၄၂(ခ) ဖြင့် အပြစ်ရှိကြောင်းတွေ့ရှိ၍ ဆရာတော်နှင့် ၎င်းတို့လေးဦးအား ဒဏ်ငွေ ၂၀၀၀၀ ကျပ် ပေးဆောင်ရန် သို့မဟုတ် ထောင်ဒဏ် သုံးလကျခံစေရန် အမိန့်ချမှတ်ခဲ့သည်။ ဆရာတော်သည် ထောင်ဒဏ်အားရွေးချယ်ခဲ့သော်လည်း ဆရာတော်၏ ဒါယကာ၊ ဒါယိကာမများမှ ဆရာတော်လွတ်မြောက်ရန် အလှူငွေ ကောက်ခံ၍ ဒဏ်ငွေပေးဆောင်ခဲ့ကြသည်။ ကျန်အမျိုးသား လေးဦးသည်လည်းဒဏ်ငွေပေးဆောင်ခဲ့ကြသည်။

ရေပူကျောင်းတိုက်အတွင်း ကျောင်းဆောင်သစ် ဆောက်လုပ်ရန်နှင့် ဓာတ်ပေါင်းစု စေတီတည်ရန် တောင်စောင်းများကို မြေညှိခဲ့ခြင်းအတွက် တရားမဝင်ကျောက်မျက်တူးဖော်မှု၊ မြန်မာ့ကျောက်မျက်ဥပဒေ၊ ပုဒ်မ ၄၁(က) (ခ) တို့ဖြင့် ဆရာတော်နှင့် အမျိုးသားလေးဦးတို့အား စွဲဆိုထားသော စွဲချက်များကို တရားလိုမှ အမှုအား ရုပ်သိမ်းပေးရန်ပန်ကြားခဲ့သောကြောင့် မေလ ၁၉ ရက်နေ့တွင် ထိုစွဲချက်များကို ရုပ်သိမ်းပေးခဲ့သည်။

စေတီဟောင်းများကို ဖြိုဖျက်၍ စေတီသစ်တည်ရန် ကြိုးစားခဲ့ခြင်းအတွက် ဆရာတော်သည် ၂၀၁၅ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့ကတည်းက လူဝတ်လဲ၍ ဖမ်းဆီးခံခဲ့ရသည်။ ဆရာတော်နဲ့အတူလူပုဂ္ဂိုလ်၄ဦးတို့လည်းဖမ်းဆီးခံခဲ့ရသည်။

[၂၀၁၆ ခုနှစ်၊ မေလ ၁၈ ရက်၊ ဧရာဝတီ/မြန်မာ]
[၂၀၁၆ ခုနှစ်၊ မေလ ၁၈ ရက်၊ အီလဲဗင်း/မြန်မာ]
[၂၀၁၆ ခုနှစ်၊ မေလ ၁၈ ရက်၊ ဒီဗွီဘီ/မြန်မာ]
[၂၀၁၆ ခုနှစ်၊ မေလ ၁၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၆ ခုနှစ်၊ မေလ ၁၈ ရက်၊ ဧရာဝတီ]
[၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်၊ ဧရာဝတီ]
[၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်၊ 7 Day Daily/မြန်မာ]
[၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်၊ 7 Day Daily/မြန်မာ]
[၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်၊ ဧရာဝတီ/မြန်မာ]
[၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ]
[၂၀၁၆ ခုနှစ်၊ မေလ ၂၀ ရက်၊ မြန်မာတိုင်း]

# ထောင်တွင်းအခြေအနေများ

**ရက္ခိုင့်တပ်မတော် (AA) နှင့် ဆက်နွယ်မှုဖြင့် အကျဉ်းကျနေသူများအား အခြားထောင်များသို့ ပြောင်းရွှေ့**

ရက္ခိုင့်တပ်မတော် (AA) နှင့် ဆက်သွယ်ခြင်းအတွက် မတရားအသင်းအက်ဥပဒေ ၁၇(၁)(၂) တို့ဖြင့် ထောင်ဒဏ် သုံးနှစ်မှ ငါးနှစ် အထိ ကျခံနေရသော အကျဉ်းသား ၃၅ ဦးအား လုံခြုံရေး အကြောင်းပြချက်ဖြင့် ကျောက်ဖြူနှင့် သံတွဲထောင်များသို့ မေလ ၄ ရက်နေ့တွင် ပြောင်းရွှေ့ခဲ့သည်။ အကျဉ်းသား ၂၀ ဦးအား ကျောက်ဖြူထောင်သို့ ပြောင်းရွှေ့ခဲ့ပြီး အကျဉ်းသား ၁၅ ဦးအား သံတွဲထောင်သို့ ပြောင်းရွှေ့ခဲ့သည်။ အမိန့်ချပြီးသား ကျန်အကျဉ်းသား လေးဦး မှာမူ စစ်တွေထောင်ထဲတွင် ဆက်လက် အကျဉ်းကျခံနေရသည်။

၂၀၁၅ ခုနှစ်၊ ဧပြီလတွင် တပ်မတော်နှင့် AA တို့ကြား တိုက်ပွားများဖြစ်ပွားနေချိန်အတွင်း ၎င်းတို့သည် ဖမ်းဆီးခံခဲ့ရသည်။ မေလ ၅ ရက်နေ့တွင် မတရားအသင်းအက်ဥပဒေ ၁၇ (၁) ဖြင့် တရားရင်ဆိုင်နေရဆဲဖြစ်သည့် ရခိုင်အမျိုးသား ၁၃ ဦးကို စစ်တွေတရားရုံးတွင် ရုံးထုတ် စစ်ဆေးခဲ့သည်။ ကြားနာမှုများ၌ ၎င်းတို့ ၁၃ ဦးသည် AA တပ်ဖွဲ့ဝင်များဖြစ်သည်ဟု ဝန်ခံခဲ့သည်။

[၂၀၁၆ ခုနှစ်၊ မေလ ၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ](#)
[၂၀၁၆ ခုနှစ်၊ မေလ ၅ ရက်၊ နိရဉ္စရာ/မြန်မာ](#)
[၂၀၁၆ ခုနှစ်၊ မေလ ၆ ရက်၊ ဧရာဝတီ/မြန်မာ](#)

# နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ

**လူမှုကွန်ရက်စာမျက်နှာတွင် ကာကွယ်ရေး ဦးစီးချုပ်အား အသရေဖျက်ခြင်းအတွက် တက်ကြွလှုပ်ရှားသူတစ်ဦး ဖမ်းဆီးခံရ**

လူမှုရေးနှင့်နိုင်ငံရေး တက်ကြွလှုပ်ရှားသူ ကိုရာပြည့်ခေါ် ကိုမျိုးသူဝင်းသည် ဦးနေမျိုးဇေ၏ လူမှုကွန်ရက်စာမျက်နှာကို အတုပြုလုပ်၍ ဆရာတော် ဦးဝီရသူနဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့အားအသရေဖျက်သော ဓာတ်ပုံနှင့် စာသားများတင်သည်ဟု စွပ်စွဲခံ ရပြီး မေလ ၂၂ ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရသည်။

ဦးနေမျိုးဇေသည် မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ (DPP) ပါတီ၏ ဥက္ကဋ္ဌတစ်ဦးဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်အား လူမှုကွန်ရက်စာမျက်နှာတွင် အသရေဖျက်ခြင်းအတွက် မကြာသေးမီက ဖမ်းဆီးခံခဲ့ရသူဖြစ်သည်။ DPP ပါတီ၏ အတွင်းရေးမှူးဖြစ်သူ ဒေါ်သီရိနေလင်းမှ ကိုရာပြည့်အား ဆက်သွယ် ရေးဥပဒေ ၆၆/ဃ ဖြင့် အမှုဖွင့်ခဲ့ခြင်းဖြစ်သည်။

မေလ ၂၃ ရက်နေ့တွင် ကိုရာပြည့်အား မော်ဘီမြို့နယ်တရားရုံး၌ ရုံးထုတ်စစ်ဆေးခဲ့ပြီး ၎င်းမှ ထိုစွပ်စွဲချက်အား ငြင်းဆိုခဲ့သည်။ ပုဒ်မ ၆၆/ဃ သည် အာမခံပေး၍ မရသောပုဒ်မဖြစ်သောကြောင့် သူ့အား အင်းစိန် အကျဉ်းထောင်သို့ ပို့ဆောင်ခဲ့သည်။ ဇွန်လ ၆ ရက်နေ့တွင် သူသည် ထပ်မံ၍ တရား ရင်ဆိုင်ရမည်ဖြစ်သည်။

၂၀၁၆ ခုနှစ်၊ မေလ ၂၂ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ မေလ ၂၂ ရက်၊ အီလဲဗင်း/မြန်မာ
၂၀၁၆ ခုနှစ်၊ မေလ ၂၄ ရက်၊ မြန်မာတိုင်း
၂၀၁၆ ခုနှစ်၊ မေလ ၂၄ ရက်၊ အီလဲဗင်း

**လက်ပံတောင်းတောင် ကြေးနီစီမံကိန်းအား ဖျက်သိမ်းပေးရန် တစ်ကိုယ်တော်ဆန္ဒပြ**

မေလ ၂၃ ရက်နေ့တွင် ကိုနေလင်းစိုး ခေါ် ကိုဖိုးစနေနှင့် သူ့အား ဝန်းရံသူ ကိုကျော်ဇင်တို့သည် မန္တလေးမှ စစ်ကိုင်းသို့သွားသည့် တံတားအား ဖြတ် ကူးစဉ်တွင် ဖမ်းဆီးခံခဲ့ရသည်။ ကိုနေလင်းစိုးသည် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းကို ဖျက်သိမ်းပေးရန်အတွက် ရန်ကုန်မြို့မှ ကြေးနီစီမံကိန်းရှိရာ စစ်ကိုင်းသို့ တစ်ကိုယ်တော် ချီတက်ဆန္ဒပြရန် ရည်ရွယ်ခဲ့ခြင်းဖြစ်သည်။ ကိုကျော်ဇင်သည် ဆန္ဒပြရာတွင် ပူးပေါင်းပါဝင်ခြင်းမရှိခဲ့ပါ။ မေလ ၂၃ ရက်နေ့ တွင် စစ်ကိုင်းမြို့မရဲစခန်းမှ ၎င်းတို့နှစ်ဦးအား ငြိမ်း၊စု၊စီပုဒ်မ ၁၈ ဖြင့် အမှုဖွင့်ခဲ့သော်လည်း ၎င်းတို့သည် ထိုနေ့တွင်ပင် အာမခံဖြင့် လွတ်မြောက်ခဲ့ သည်။

မေလ ၂၃ ရက်နေ့တွင်ပင် ကိုနေလင်းစိုးနှင့် ကိုကျော်ဇင်တို့အား ရဲနှစ်ဦးအစောင့်အကြပ်နှင့်အတူ မုံရွာမြို့သို့ ဆက်လက် ချီတက်ရန် ခွင့်ပြုခဲ့သည်။ မေလ ၂၄ ရက်နေ့တွင် ၎င်းတို့သည် ခွင့်ပြုချက်မရှိပဲ မုံရွာဒေသခံများနှင့်အတူ ဆန္ဒပြခဲ့သည်။ ထို့ကြောင့် မုံရွာမြို့မ ရဲစခန်းမှ ကိုနေလင်းစိုးအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကာ ငြိမ်း၊စု၊စီ ဥပဒေ ပုဒ်မ ၁၈ ဖြင့် အမှုဖွင့်ခဲ့သည်။ ထို့နောက် သူသည် အာမခံဖြင့် ပြန်လည် လွတ်မြောက်ခဲ့သည်။

၂၀၁၆ ခုနှစ်၊ မေလ ၂၃ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ မေလ ၂၃ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၆ ခုနှစ်၊ မေလ ၂၃ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၆ ခုနှစ်၊ မေလ ၂၃ ရက်၊ ဧရာဝတီ
၂၀၁၆ ခုနှစ်၊ မေလ ၂၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ မေလ ၂၄ ရက်၊ အီလဲဗင်း
၂၀၁၆ ခုနှစ်၊ မေလ ၂၅ ရက်၊ အီလဲဗင်း

**ဘာသာပေါင်းစုံချစ်ကြည်ရေးလမ်းလျှောက်ပွဲအား ရဲများမှ ဟန့်တား၊ ဦးဆောင်သူများအားအရေးယူမည်ဟု ခြိမ်းခြောက်**

ရဲများ၏ ညွှန်ကြားချက်အား ဆန့်ကျင်၍ မေလ ၁၄ ရက်နေ့တွင် ရန်ကုန်မြို့လယ်၌ ဘာသာပေါင်းစုံ ချစ်ကြည်ရေး လမ်းလျှောက်ပွဲ ကျင်းပခဲ့သော ဦး ဆောင်သူ ငါးဦးအား အရေးယူမည်ဖြစ်ကြောင်း ရဲများမှ ကြေငြာခဲ့သည်။ ထိုတက်ကြွလှုပ်ရှားသူများသည် ငြိမ်း၊စု၊စီပုဒ်မ ၁၉ ဖြင့် တရားစွဲဆိုခံရမည်ဖြစ်သည်။

ကျောင်းသားများသည် တာမွေမြို့နယ်မှ မဟာဗန္ဓုလပန်းခြံအထိ ချီတက်ရန် ခွင့်ပြုချက် လျှောက်ထားခဲ့သော်လည်း အာဏာပိုင်များမှ တာမွေမြို့နယ်ရှိ ဗိုလ်စိန်မှန်ကွင်းတွင်သာ စုဝေးရန် ခွင့်ပြုချက်ပေးခဲ့သည်။ ကနဦးတွင် ခန့်မှန်းခြေ လူဦးရေ ငါးရာမှ တစ်ထောင်ထိ ငြိမ်းချမ်းစွာ ချီတက်ဆန္ဒပြရန် စီစဉ် ထားခဲ့သည်။ တားမြစ်ခြင်းများရှိသော်လည်း လူဦးရေ ၇၀ ခန့် လမ်းလျှောက်ချီတက်ခဲ့ကြပြီး "မတူကွဲပြားခြင်းကိုလက်ခံရန်၊ သည်းခံခြင်းတရားကို မြှင့်တင်ရန်နှင့် ကျွန်ုပ်တို့အားလုံးသည် လူသားများဖြစ်သည်" စသည့် စာသားများရေးသားထားသော ပိုစတာများကိုင်ဆောင်ကာ ချီတက်ခဲ့ကြသည်။

ရဲများမှ လမ်းလျှောက် ရာတွင် ပါဝင်ခဲ့သူများကို စုံစမ်းစစ်ဆေး၍ တရားစွဲဆိုမည်ဖြစ်ကြောင်း ကြေငြာခဲ့သည်။ မင်္ဂလာတောင်ညွန့်မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းဦးမှ လမ်းလျှောက်ပွဲကျင်းပရန် ညွှန်ကြားထားသော နေရာတွင် မကျင်းပပဲ တစ်ခြားနေရာတွင် ကျင်းပသောကြောင့် ၎င်းတို့ကို အရေးယူသွားမည်ဖြစ်ကြောင်း၊ ၎င်းတို့ ဖြတ်သန်းခဲ့သော မြို့နယ်တစ်ခုစီ၌လည်း အရေးယူမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ်၊ မေလ ၁၃ ရက်၊ မြန်မာတိုင်း
၂၀၁၆ ခုနှစ်၊ မေလ ၁၄ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ မေလ ၁၆ ရက်၊ မြန်မာတိုင်း
၂၀၁၆ ခုနှစ်၊ မေလ ၁၆ ရက်၊ ဧရာဝတီ
၂၀၁၆ ခုနှစ်၊ မေလ ၁၇ ရက်၊ မဇ္ဈိမ
၂၀၁၆ ခုနှစ်၊ မေလ ၁၇ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ မေလ ၁၇ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ မေလ ၁၈ ရက်၊ အီလဲဗင်း/မြန်မာ

## စစ်တိုင်းအလုပ်သမားများ ဖမ်းဆီးခံရ

နေပြည်တော်သို့ ချီတက်မည့် အလုပ်သမားသပိတ်စစ်ကြောင်းအား အဆုံးသတ်ရန် မေလ ၁၈ ရက်နေ့တွင် နိုင်ငံခြားသားပိုင် Myanmar Venner သစ် အချောထည်စက်ရုံမှ အလုပ်သမားများ၊ အလုပ်သမား ဟောင်းများနှင့် ညှိနှိုင်းဆွေးနွေးမှုသည် ပြေလည်ခြင်းမရှိသောကြောင့် နေပြည်တော်၊ တပ်ကုန်းမြို့ အနီးသို့ ရောက်ရှိလာသော ဆန္ဒပြ သူများအား ရဲတပ်ဖွဲ့မှ ဖမ်းဆီးခဲ့သည်။ ဆန္ဒပြမှုတွင် ပါဝင်ခဲ့ခြင်းကြောင့် အလုပ်ထုတ်ခံခဲ့ရသော အလုပ်သမား ဟောင်းများကို အလုပ်ပြန်လည် ခန့်ထားရန်နှင့် လုပ်ခလစာများ တိုးမြှင့်ပေးရန် ဧပြီလ ၂၉ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီးမှ အလုပ်သမား ၁၂၀ ခန့်သည် စတင်ချီတက် ခဲ့ကြသည်။

မေလ ၁၃ ရက်နေ့တွင် အလုပ်သမားဝန်ကြီးဌာနလက်အောက်ခံ အထွေထွေ အလုပ်သမားဥပဒေများ စုံစမ်းစစ်ဆေးရေးဌာနနှင့် စက်ရုံများ၏ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်မှ အလုပ်သမားအခွင့် အရေးလှုပ်ရှားသူများ ဆက်လက်၍ ဆန္ဒပြချီတက်မည်ဆိုလျှင် အရေးယူမည်ဖြစ်ကြောင်း သတင်း စာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။ ဆန္ဒပြအလုပ်သမားတစ်ချို့သည် အပူဒဏ်ကြောင့် ဆန္ဒပြမှုအား ရပ်တန့်ခဲ့ပြီး မေလ ၁၇ ရက်နေ့ နေပြည် တော်သို့ ရောက်ရှိသောအခါ ဆန္ဒပြအလုပ်သမား ၈၇ ဦးသာ ကျန်ရှိခဲ့သည်။ ထိုညနေတွင် ဆန္ဒပြသူများ ချီတက်ရာလမ်းကြောင်းဖြစ်သော ရန်ကုန်-မန္တလေးလမ်း ဟောင်းအား ရဲများမှ ပိတ်ဆို့ထားခဲ့သည်။ မေလ ၁၈ ရက်နေ့ နံနက်တွင် ဆန္ဒပြသူများသည် ဒေသဆိုင်ရာ အာဏာပိုင်များနှင့် ထိုပိတ်ဆို့ထားရာနေရာ၌ ဆွေးနွေးပြီးနောက် ထိုနေရာတွင် စောင့်ဆိုင်းရန် ဆုံးဖြတ်ခဲ့ကြသည်။ အရာရှိများမှ ဆန္ဒပြအလုပ်သမား ခေါင်းဆောင် ငါးဦးအား အစိုးရတာဝန်ရှိသူများနှင့် တပ်ကုန်းမြို့တွင် တွေ့ဆုံဆွေးနွေးရန် ကမ်းလှမ်းခဲ့သော်လည်း အလုပ်သမားများမှ ကိုကမ်းလှမ်းချက်အား ပယ်ချခဲ့ပြီး ရဲအတားအဆီးများကို ဖြတ်ကျော်ရန် ကြိုးစားခဲ့သည်။ မေလ ၁၈ ရက်နေ့ နေ့လည် ၁း၃၀ ခွဲခန့်တွင် ရဲများမှ ဒိုင်းများကိုင်၍ ဆန္ဒပြသူများကို ဝိုင်းထားခဲ့ပြီး အင်အားသုံး၍ ဖမ်းဆီးခဲ့ကာ အချုပ်ကားများပေါ်သို့ အဓမ္မ ခေါ်ဆောင်သွားခဲ့သည်။ ဆန္ဒပြသူများထဲမှ ၅၇ ဦးအား အိမ်ပြန်ရန် ဖျောင်းဖြခဲ့သော်လည်း ၂၀ ဦးသာ သဘောတူခဲ့သည်။ ထို့ကြောင့် ၎င်းတို့ ၂၀ ဦးအား အိမ်ပြန်ပို့ပေးခဲ့ပြီး ကျန် ၅၁ ဦးကိုမူ ဆက်လက်ထိန်းသိမ်းထားခဲ့သည်။

မေလ ၃၁ ရက်နေ့တွင် ဖမ်းဆီးခံထားရသော ၅၁ ဦးထဲမှ ၃၆ ဦးအား ပြန်လွှတ်ပေးခဲ့ပြီး ၁၅ ဦးကိုမူ ဆက်လက် ထိန်းသိမ်းထားခဲ့သည်။ ထို ၁၅ ဦးသည် ဥပဒေနှင့် မညီသည့် လူစုလူဝေးတွင် ပါဝင်မှု၊ လူစုခွဲရန် အမိန့်ပေးပြီးဖြစ်သော်လည်း ထိုလူစုလူဝေးတွင် ဆက်လက်ပါဝင်မှု၊ ရုန်းရင်းဆန်ခတ်မှု၊ ပြန်သူလူထုအား အထိတ်တလန့် ဖြစ်စေမှုတို့ အတွက် ရာဇသတ်ကြီးပုဒ်မ ၁၄၃၊ ၁၄၅၊ ၁၄၇၊ ၅၀၅(ခ) တို့ဖြင့် အမှု ရင်ဆိုင်နေရသည်။

၂၀၁၆ ခုနှစ်၊ မေလ ၁၇ ရက်၊ မြန်မာတိုင်း
၂၀၁၆ ခုနှစ်၊ မေလ ၁၇ ရက်၊ ဒီဗွီဘီ
၂၀၁၆ ခုနှစ်၊ မေလ ၁၇ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၆ ခုနှစ်၊ မေလ ၁၇ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၆ ခုနှစ်၊ မေလ ၁၈ ရက်၊ ဒီဗွီဘီ
၂၀၁၆ ခုနှစ်၊ မေလ ၁၈ ရက်၊ မြန်မာတိုင်း
၂၀၁၆ ခုနှစ်၊ မေလ ၁၈ ရက်၊ ဧရာဝတီ
၂၀၁၆ ခုနှစ်၊ မေလ ၁၈ ရက်၊ လွတ်လပ်သော အာရှအသံ
၂၀၁၆ ခုနှစ်၊ မေလ ၁၈ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၆ ခုနှစ်၊ မေလ ၁၈ ရက်၊ ဗွီအိုအေ/မြန်မာ
၂၀၁၆ ခုနှစ်၊ မေလ ၁၈ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၆ ခုနှစ်၊ မေလ ၁၈ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ မေလ ၁၈ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၆ ခုနှစ်၊ မေလ ၁၈ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်၊ Coconuts Yangon
၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်၊ မဇ္ဈိမ
၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်၊ မြန်မာတိုင်း
၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်၊ ဧရာဝတီ
၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်၊ Coconuts Yangon
၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်၊ 7 Day Daily/မြန်မာ
၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်၊ မြန်မာတိုင်း/မြန်မာ
၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်၊ ဧရာဝတီ/မြန်မာ
၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်၊ မြန်မာတိုင်း/မြန်မာ
၂၀၁၆ ခုနှစ်၊ မေလ ၂၀ ရက်၊ ဒီဗွီဘီ
၂၀၁၆ ခုနှစ်၊ မေလ ၂၀ ရက်၊ မြန်မာတိုင်း
၂၀၁၆ ခုနှစ်၊ မေလ ၂၀ ရက်၊ Malay Mail
၂၀၁၆ ခုနှစ်၊ မေလ ၂၀ ရက်၊ အီလဲဗင်း
၂၀၁၆ ခုနှစ်၊ မေလ ၂၀ ရက်၊ လွတ်လပ်သော အာရှအသံ
၂၀၁၆ ခုနှစ်၊ မေလ ၂၀ ရက်၊ မဇ္ဈိမ

## ရခိုင်ပြည်နယ်တွင်း ငြိမ်းချမ်းရေးအတွက် ဆန္ဒပြ

မေလ ၁ ရက်နေ့တွင် ရခိုင်ပြည်နယ်ရှိ မြို့နယ် အများအပြားတွင် စစ်တပ်နှင့် ရက္ခိုင့်တပ်မတော်တို့ကြား တိုက်ပွဲများဆက်လက် ဖြစ်ပွားနေခြင်းကို ဆန့် ကျင်သော ဆန္ဒပြပွဲအား ကျင်းပခဲ့သည်။ ခန့်မှန်းခြေ ဒေသခံ ၂၀ ၀၀၀ ခန့်သည် ထိုဆန္ဒပြပွဲတွင် ပူးပေါင်းပါဝင်ခဲ့ကြပြီး တိုက်ပွဲများ ရပ်တန့်ရန်နှင့် AA နှင့် ဆက်သွယ်ခြင်းအတွက် အကျဉ်းကျခံနေရသူများ လွတ်မြောက်ရန် တောင်းဆို ခဲ့ကြသည်။ ထို့ပြင် စစ်တပ်မှ လူ့အခွင့်အရေးချိုးဖောက်ခြင်းများကို အဆုံးသတ် ရန်လည်း တောင်းဆိုခဲ့သည်။ မေလ ၁၆ ရက်နေ့တွင်လည်း အမ်းမြို့နယ်မှ ဒေသခံ ၃၀၀ ဝန်းကျင်ခန့်သည် ငြိမ်းချမ်းရေးအတွက် ထပ်မံ၍ ဆန္ဒပြ ခဲ့ကြသည်။

၂၀၁၆ ခုနှစ်၊ မေလ ၅ ရက်၊ Burma News International
၂၀၁၆ ခုနှစ်၊ မေလ ၁၈ ရက်၊ Burma News International

**လက်ပံတောင်းတောင် ကြေးနီစီမံကိန်းအား ဆန့်ကျင်ဆန္ဒပြ**

မေလ ၄ ရက်နေ့တွင် ကြေးနီစီမံကိန်းအား စတင်မည်ဆိုသည့် ဝမ်ပေါင်ကုမ္ပဏီ၏ ကြေငြာချက်ကို တုံ့ပြန်သောအားဖြင့် မေလ ၄ ရက်နေ့တွင် ဒေသခံ ရွာသား ၂၀၀ ဝန်းကျင်ခန့်သည် ကြေးနီစီမံကိန်း အပြင်ဘက်တွင် စုဝေးခဲ့ကြပြီး စီမံကိန်းအား အကာအကွယ်ပေး ထားသည့် ရဲအတားအဆီးများကို ကျော်ဖြတ် ကာ စီမံကိန်းနယ်မြေ ထဲသို့ ဝင်ရောက်ခဲ့ကြသည်။

အငြင်းပွားဖွယ် ကြေးနီစီမံကိန်းကို အကျိုးတူ ပူးပေါင်းဆောင်ရွက်သော တရုတ်အစိုးရ နောက်ခံထားသည့် ဝမ်ပေါင်ကုမ္ပဏီနှင့် စစ်တပ်ပိုင် ဆိုင်သည့် မြန်မာ့စီးပွားရေး ဦးပိုင် ကုမ္ပဏီလီမိတက် (UMEHL)တို့ သည် လယ်ယာမြေသိမ်းဆည်းခြင်းနှင့်သဘာဝ ပတ်ဝန်းကျင် ပျက်စီးခြင်းတို့ကို ပြုလုပ်နေ သည် ဟု စွပ်စွဲခံထား ရသည်။

၂၀၁၃ ခုနှစ်တွင် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော စုံစမ်းစစ်ဆေးရေးကော်မရှင်မှ ဝမ်ပေါင်ကုမ္ပဏီနှင့် ဦးပိုင်ကုမ္ပဏီတို့ စီမံကိန်းအား ဆက်လက် ဆောင်ရွက်ရန် ပို၍ ပွင့်လင်းမြင်သာရှိရန်၊ မြေယာ လျော်ကြေးပေးရန်နှင့် သဘာဝ ပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်မှု နှင့်ဆိုင်သော အစီအစဉ် စသည်တို့ကို လိုက်နာဆောင်ရွက်ရမည်ဟု ကောက်ချက်ချခဲ့သော်လည်း ဒေသခံများ သည် ထိုအရာများကို မရရှိခဲ့ပါ။ဆားလင်းကြီးမြို့နယ်၊ အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် အဖွဲ့ဝင် ဦးသိန်းနိုင်မှ ဒေသဆိုင်ရာ ဝန်ကြီးချုပ်နှင့် အစည်းအဝေး ကျင်းပရန်အတွက် ဆန္ဒပြမှုများ ကို ယာယီ ရပ်တန့်ရန် စီစဉ်ခဲ့သည်။

ထိုဆန္ဒပြပွဲအား ဦးဆောင်ခဲ့သူ နှစ်ဦးဖြစ်သော မစန္ဒာနှင့် မမာချိုတို့ သည် ငြိမ်း၊စု၊စီပုဒ်မ ၁၈ နှင့် ရာဇသတ်ကြီးပုဒ်မ ၁၄၇ တို့ဖြင့် အမှုဖွင့်ခံခဲ့ရသည်။
၂၀၁၆ ခုနှစ်၊ မေလ ၄ ရက်၊ လွတ်လပ်သော အာရှအသံ
၂၀၁၆ ခုနှစ်၊ မေလ ၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ မေလ ၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ မေလ ၆ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ မေလ ၆ ရက်၊ လွတ်လပ်သော အာရှအသံ
၂၀၁၆ ခုနှစ်၊ မေလ ၆ ရက်၊ မြန်မာတိုင်း
၂၀၁၆ ခုနှစ်၊ မေလ ၇ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ မေလ ၉ ရက်၊ မဇ္ဈိမ
၂၀၁၆ ခုနှစ်၊ မေလ ၉ ရက်၊ မြန်မာ
၂၀၁၆ ခုနှစ်၊ မေလ ၉ ရက်၊ ဒီဗွီဘီ/မြန်မာ
၂၀၁၆ ခုနှစ်၊ မေလ ၁၂ ရက်၊ မြန်မာတိုင်း

**လူ့အခွင့်အရေးချိုးဖောက်မှုများကို ထုတ်ပြန်ခဲ့ခြင်းအတွက် ALP ပါတီဒုပြန်ကြားရေးတာဝန်ခံအား အရေးယူ**

မေလ ၆ ရက်နေ့တွင် တပ်မတော်မှ ဒုတိယဗိုလ်မှူးကြီး တင်နိုင်ထွန်းမှ ရက္ခိုင့်လွတ်မြောက်ရေးပါတီ (ALP) ၏ ဒုတိယ ပြန်ကြားရေးတာဝန်ခံ ကိုခိုင်မျိုးထွန်းအား အသရေဖျက်မှု ပုဒ်မ ၅၀၅ ဖြင့် စစ်တွေမြို့နယ် တရားရုံး၌ တရားစွဲဆိုခဲ့သည်။ ဧပြီလ ၂၄ ရက်နေ့တွင် ALP မှထုတ်ပြန်သော ကြေငြာချက်ထဲတွင် တပ်မတော် နှင့် ရက္ခိုင့် တပ်မတော်(AA)တို့ တိုက်ပွဲများဖြစ်ပွားနေချိန်တွင်းတွင် တပ်မတော်မှ ဒေသခံများအား အဓမ္မ လုပ်အားပေး ခိုင်းစေခဲ့ပြီး နှိပ်စက်ညှဉ်းပန်းခဲ့ကြောင်း ဖော်ပြခဲ့သည်။

ထိုကြေငြာချက်နှင့် ပတ်သက်၍ ဧပြီလ ၂၇ ရက်နေ့တွင် နယ်စပ်ရေးရာနှင့် လုံခြုံရေးဝန်ကြီးဗိုလ်မှူးကြီးထိန်လင်းမှ ကိုခိုင်မျိုးထွန်းအပါအဝင် ALP တာဝန်ရှိ သူများကို ခေါ်ယူတွေ့ဆုံခဲ့ပြီး ကြေညာချက်ထဲတွင် ပါရှိသော အချက်အလက်များ သည်ခိုင်လုံမှုမရှိပါကဖမ်းဆီးတရားစွဲဆိုမည် ဖြစ်ကြောင်း ပြောဆိုခဲ့သည်။ ထို့ ကြောင့် မေလ ၁ ရက်နေ့ တွင် ALP မှ ရခိုင်ပြည်နယ်တွင်း လူ့အခွင့်အရေး ချိုးဖောက်ခံရသော အထောက်အထားများကို ဗိုလ်မှူးကြီး ထိန်လင်းထံသို့ ပေးပို့ခဲ့သည်။ သို့သော် လည်း မေလ ၆ ရက်နေ့တွင် ဒုတိယဗိုလ်မှူးကြီး တင်နိုင်ထွန်းမှ စစ်တွေတရားရုံးသို့ ဦးတိုက်လျှောက်ထားကာ တရားစွဲဆိုခဲ့သည်။

ALP သည် ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် အပစ်အခတ် ရပ်စဲရေး စာချုပ်အား လက်မှတ်ရေးထိုးခဲ့သော တိုင်းရင်းသား အဖွဲ့အစည်း များထဲမှ တစ်ဖွဲ့ဖြစ်သည်။ ကိုခိုင်မင်းညိုမှ လူ့အခွင့်အရေးချိုးဖောက်မှုများအား ဆက်လက်၍ ကိုင်တွယ်ဖြေရှင်းခြင်းမရှိပါက အပစ်အခတ်ရပ်စဲရေး စာချုပ်နှင့် ပတ်သက်၍ ပြန်၍ စဉ်းစားရလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ်၊ မေလ ၉ ရက်၊ မဇ္ဈိမ/မြန်မာ
၂၀၁၆ ခုနှစ်၊ မေလ ၉ ရက်၊ ဘီဘီစီ/မြန်မာ
၂၀၁၆ ခုနှစ်၊ မေလ ၁၀ ရက်၊ နိရဉ္စရာ/မြန်မာ
၂၀၁၆ ခုနှစ်၊ မေလ ၁၃ ရက်၊ နိရဉ္စရာ

# မြေယာသိမ်းဆည်းမှုများ

**ပိုင်နက်ကျူးလွန်ခြင်းအတွက် လယ်သမားများကို တရားစွဲဆို**

မေလတွင်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမြို့နယ် အတွင်းရေးမှူး ဦးသန်းထွန်းမှ လယ်သမားလေးဦးအား ပိုင်နက်ကျူးလွန်မှု၊ ရာဇသတ်ကြီးပုဒ်မ ၄၄၇ ဖြင့် တရားစွဲဆိုခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ကျောက်ဆည်မြို့နယ်၊ သရက်ပင်ကျေးရွာ အုပ်စု၊ သမန်းပင်ကျေးရွာရှိ လယ်သမား ၂၉ ဦးပိုင် လယ်ယာမြေ ၁၆၉ ဧကနှင့် စားကျက်မြေ ၂၅၀ တို့အား သိမ်းယူခဲ့သည်။

[၂၀၁၆ ခုနှစ်၊ မေလ၊ စိုးသီဟ၏ လူမှုကွန်ရက်စာမျက်နှာ]

**သမ္မတဦးထင်ကျော်မှ လယ်မြေယာသိမ်းယူမှုများစိစစ်၊ ဖြေရှင်းရေး ကော်မတီဖွဲ့စည်း**

အသစ်ဖွဲ့စည်းလိုက်သော ကော်မရှင်နှင့် ကော်မတီကိုးခုမှ နိုင်ငံတွင်း အမျိုးမျိုးသော လယ်ယာမြေ အငြင်းပွားမှုများကို ကိုင်တွယ် ဖြေရှင်းမည်ဖြစ် သည်။ သမ္မတ ဦးထင်ကျော် ဦးဆောင်မှုဖြင့် အမျိုးသားစီမံကိန်းကော်မရှင်ကို ဖွဲ့စည်းခဲ့ပြီး ထိုကော်မရှင်မှ ဖက်စပ်လုပ်ငန်းများနှင့် နိုင်ငံတော် စီမံကိန်း များကို ပြန်လည် စိစစ်မည်ဖြစ်သည်။ လယ်ယာမြေနှင့်အခြားမြေများသိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီသည် လယ်သာမြေ သိမ်းဆည်းခံရမှုများနှင့် လက်လွတ်ဆုံးရှုံးမှုများကို ကိုင်တွယ်ဆောင်ရွက်လိမ့်မည်ဖြစ်ပြီး လယ်ယာမြေ အငြင်းပွားမှုများအပေါ် အရေးယူဆောင်ရွက်မည့် အစိုးရ၏ ဆောင်ရွက်ချက်များကို စောင့်ကြည့်မည်ဖြစ်သည်။ သမ္မတရုံးနှင့် လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းဝင်းတို့မှ လယ်ယာမြေအခွင့်အရေးသည် အစိုးရသစ်အတွက် ဦးစားပေး တစ်ခုဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပြီး ဥပဒေအရ လယ်ယာမြေ အငြင်းပွားမှုများ ဖြေရှင်းပြီးသည့်တိုင်အောင် နောက်ထပ် လယ်ယာမြေသိမ်းဆည်းမှုများကို ရွှေ့ဆိုင်းရန် တောင်းဆိုမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အမျိုးသားလွှတ်တော်၊ လယ်ယာမြေရေးရာ ကော်မတီမှ တစ်နိုင်ငံလုံးတွင် သိမ်းယူခံထားရသော လယ်ယာမြေ နစ်သန်းခဲ့ရှိသည်ဟု ခန့်မှန်းထားသည်။

[၂၀၁၆ ခုနှစ်၊ မေလ ၈ ရက်၊ လွတ်လပ်သော အာရှအသံ/ မြန်မာ]
[၂၀၁၆ ခုနှစ်၊ မေလ ၉ ရက်၊ ဧရာဝတီ]
[၂၀၁၆ ခုနှစ်၊ မေလ ၁၂ ရက်၊ ဧရာဝတီ]

# လူ့အခွင့်အရေးနှင့်ဆိုင်သော ဆက်စပ်သတင်းများ

**စစ်တပ်အား ရှမ်းပြည်နယ်တွင် ပြင်းထန်ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကျူးလွန်သည်ဟု စွပ်စွဲ**

စစ်တပ်မှ ရှမ်းပြည်တိုးတက်ရေးပါတီ/ရှမ်းပြည်နယ်တပ်မတော် (မြောက်ပိုင်း) ကို ထိုးစစ်စဉ်တိုက်ခိုက်နေစဉ်အတွင်း ကျောက်မဲမြို့နယ်၌ အရပ်သားများ ကို သတ်ဖြတ်ခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းတို့အပါအဝင် အမျိုးမျိုးသော လူ့အခွင့်အရေးချိုးဖောက်မှုများကို တစ်လလုံး ကျူးလွန်သည်ဟု စွပ်စွဲခံထားရ သည်။

မေလ ၁၁ ရက်နေ့နှင့် မေလ ၁၂ ရက်နေ့ကြားတွင် စစ်တပ်မှ အရပ်သား ၃၀ ဦးအား လူ့သားဒိုင်းများအဖြစ် အသုံးပြုခဲ့သည်။ မေလ ၁၃ ရက်နေ့တွင် ၎င်းတို့မှ ယခုလက်ရှိတွင် စိတ်ဝေဒနာ ခံစားနေရသော ရွာသားတစ်ဦးအား သေနတ်ဖြင့် ပစ်ခဲ့သည်။

မေလ ၁၄ ရက်နေ့တွင် အင်းကီးရွာနှင့် နန့်းဖတ်ရွာတို့မှ ရွာသားများဖြစ်ကြသော ကိုစိုင်းစင်း၊ ကိုစိုင်းပန်ဆစ်တာ၊ ကိုစိုင်းနန္ဒီယာ၊ ကိုလွန်းမောင်ကန်နှင့် ကိုစိုင်းစုဂျရာတို့သည် မတရားဖမ်းဆီးခံခဲ့ရပြီး နှစ်ညတာ ထိန်းသိမ်းခံခဲ့ရသည်။ ၎င်းတို့သည် ရိုက်နှက်ခံခဲ့ရပြီး လျှပ်စစ်တုတ်တံဖြင့် အတို့ခံရသည့်ပြင် အတင်း အဓမ္မလုပ်အားပေးရန် ဖိအားပေးခြင်းခံခဲ့ရသည်။

ထိုနေ့တွင်ပင် ရွာသားများဖြစ်ကြသော ကိုစိုင်းအိုက်နောင်၊ ကိုစိုင်းအိုက်မတ် နှင့် ကိုစိုင်းအိုက်ဒင့်တို့အား ဗမာစစ်တပ်မှ ဖမ်းဆီးခဲ့သည်ကို မျက်မြင်များ က တွေ့ရှိခဲ့ပြီး မေလ ၁၉ ရက်နေ့တွင် မီးလောင်ကျွမ်းနေသော ၎င်းတို့၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိခဲ့သည်။ မေလ ၁၄ ရက်နေ့တွင်လည်း အိမ်နှစ်လုံး မီးလောင်ကျွမ်းခဲ့ကာ ရွာသားများ၏ အစားအစာသိုလှောင်ရုံနှင့် တစ်ခြားပစ္စည်းဥစ္စာများ ဖျက်ဆီးခြင်း ခံခဲ့ရသည်။

မေလ ၁၈ ရက်နေ့မှ ၂၁ ရက်နေ့ထိ စစ်တပ်မှ ရွာသား ၁၂ ဦးအား လူ့ဒိုင်းများအဖြစ် အသုံးပြုခဲ့သည်။ မေလ ၂၀ ရက်နေ့တွင် ဝူလောင်ရွာ၌ တွေ့ရှိခဲ့သော မီးလောင်ကျွမ်းနေသည့် ရုပ်အလောင်း ငါးလောင်းကိုမူ အတည်မပြုနိုင်သေးပါ။

ရှမ်းပြည်နယ် NLD လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဖြစ်သူ ဦးစိုင်းထွန်းဝင်းမှ မေလ ၁၆ ရက်နေ့တွင် ရွာသူကြီးတစ်ဦးနှင့် ရွာသားတစ်ဦးတို့ကို စစ်တပ်မှ ဖမ်းဆီးကာ ရိုက်နှက်ခဲ့သည်။ ထို့ပြင် ရွာသားနှစ်ဦးအားလည်း မတရား ဖမ်းဆီး ထိန်းသိမ်းခဲ့ပြီး ညှဉ်းပန်းနှိပ်စက်ခဲ့သည်ဟု ပြောကြားခဲ့သည်။

၂၀၁၆ ခုနှစ်၊ ဇွန်လ ၁ ရက်၊ ဧရာဝတီ
၂၀၁၆ ခုနှစ်၊ ဇွန်လ ၂ ရက်၊ Shan Herald
၂၀၁၆ ခုနှစ်၊ ဇွန်လ ၃ ရက်၊ Shan Herald
၂၀၁၆ ခုနှစ်၊ မေလ ၁၉ ရက်၊ ဒီဗွီဘီ

**ငြိမ်း၊စု၊စီဥပဒေ ဥပဒေအား NLD ပြောင်းလဲ**

မေလ ၅ ရက်နေ့တွင် ဥပဒေကြမ်းကော်မတီမှ ငြိမ်း၊စု၊စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့သည်။ ခွင့်ပြု ချက်တောင်းခံရန် လိုသည့်အချက်အား ဖယ်ရှားခဲ့သည့် အချက်အပါအဝင် တစ်ချို့အချက်များအား ပြင်ဆင်ခဲ့သည်။ ဥပဒေတွင် ပါဝင်သည့် အချက်များ အား လိုက်နာခြင်းမရှိပါက အကျဉ်းကျခံရမည် ဆိုသည့် အချက်ကိုမူ ထည့်သွင်းထားဆဲဖြစ်သည်။ ငြိမ်း၊စု၊စီဥပဒေပါ အချက်တစ်ခုခုကို ဖောက်ဖျက်ကျူး ၍ တရားစွဲဆိုပါက အချိန်ကြည့်ကြာမှုမရှိစေရန်အတွက် သက်ဆိုင်ရာ တရားရုံးများသို့ ၁၅ ရက်အတွင်း တရားစွဲဆိုတင်ပို့ရမည်ဟုလည်း ပြင်ဆင်ထား သည့်ပြင် မြို့နယ်အသီးသီးရှိ အာဏာပိုင်များမှ စွဲချက်တင်ခြင်းမှ ကင်းလွတ်စေရန်အတွက်လည်း ပြင်ဆင် ဖြည့်စွက်ခဲ့သည်။

မေလ ၃၀ ရက်နေ့တွင် အမျိုးသားလွှတ်တော်မှ ပြင်ဆင်ဖြည့်စွက်ထားသည့် ဥပဒေကြမ်းအား အတည်ပြုခဲ့ပြီး ယခုလက်ရှိတွင် ပြည်သူ့လွှတ်တော်မှ ထိုဥပဒေကြမ်းအား အတည်မပြုမီ ပြန်လည်သုံးသပ်လျက်ရှိသည်။

၂၀၁၆ ခုနှစ်၊ မေလ ၆ ရက်၊ Frontier Myanmar
၂၀၁၆ ခုနှစ်၊ မေလ ၅ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ မေလ ၁၁ ရက်၊ လွတ်လပ်သော အာရှအသံ/မြန်မာ
၂၀၁၆ ခုနှစ်၊ မေလ ၁၃ ရက်၊ Asian Correspondent
၂၀၁၆ ခုနှစ်၊ ဇွန်လ ၁ ရက်၊ ဧရာဝတီ

**ရဲတပ်ဖွဲ့ဝင်များမှ အရပ်သားတစ်ဦးကို နှိပ်စက်ညှဉ်းပန်း**

